
တံခွန်တိုင်
စာ အုပ် တိုက်
ညွှန်းထားထား
ဆေးတက္ကသိုလ်
ခြေသံများနှင့် ချစ်ခြင်း
GRAPHIC DESIGN
THEIN SHWE KYI

အမှတ်တရမှတ်တမ်း

**ကမ္ဘာပေါ်မှာ**

**သားသမီးအပေါ်**

**နားလည်နိုင်စွမ်းအရှိဆုံးသော**

**အဖေနဲ့အမေ . . .၊**

**ဘဝရဲ့အဓိပ္ပာယ်တွေကို**

**ပိုပြီးလေးနက်လှပ**

**ပြည့်စုံလာစေခဲ့တဲ့**

**ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို**

**အမှတ်တရ မှတ်တမ်းတင်လျှက် . . .၊**

**လွန်းထားထား(ဆေးတက္ကသိုလ်)**

***

"လူတစ်ယောက်ရဲ့

ချစ်ခြင်းမေတ္တာနဲ့စေတနာကို

အပြည့်အဝ နားမလည်နိုင်သေးခင်မှာ

သူ့ကိုကြိုပြီး နားလည်မှု မလွဲလိုက်ပါနဲ့၊

တစ်ချိန်ချိန်မှာ သူ့ရဲ့အချစ်တွေကို

ခံစားလိုက်မိတဲ့အခါ

ကိုယ်ရဲ့လွဲမှားမှုအတွက်

ရှက်ရွံ့နောင်တရမှုက ဘယ်တော့မှ

ပြန်ပြင်ဆင်လို့မရနိုင်တော့လို့ပါ . . .”

***

# အခန်း (၁)

ဘတ်(စ်)ကားပေါ်ကအဆင်းမှာ ကောင်းကင်တစ်ခွင်လုံး အုံ့မှိုင်းမည်းမှောင်ကာ မိုးကသည်း သည်းထန်ထန် ရွာသွန်းလျက်ရှိသည်။ ထီးပါမလာခဲ့သော စိမ့်အဖို့ ဘေးပတ်ဝန်းကျင်မှာ အမိုးအကာ ခိုစရာလည်းမရှိသည်မို့ ဒရောသောပါး ပြေးရုံကလွဲလို့ တခြားဘာလမ်းမှမမြင်။ အချိန်က ညကိုးနာရီ ကျော်နေပြီဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်ချောက်ချားဖွယ်လည်းကောင်းလှသည်။ ဘတ်(စ်)မှတ်တိုင်ကနေ စိမ့်နေသော တိုက်ခန်းတွေဆီရောက်ဖို့ အတော်လှမ်းသေးသည်။ ဝတ်ထား သော ဂျင်းဂျက်ကက်ကလေးကို ခပ်တင်းတင်းဆွဲလျက် ခြေလှမ်းတွေကို မြန်သထက်မြန်အောင် မြှင့်တင်ပစ်လိုက်သည်။ အဲဒီ အချိန်မှာပဲ စိမ့်တစ်ယောက်တည်းမဟုတ်ဘဲ စိမ့်ရဲ့နောက်ပါးမှာ လူတစ် ယောက် ထပ်ချပ်မကွာ ပါလာခဲ့ကြောင်း စိတ်ထဲက အလိုလိုခံစားမိလိုက်ခြင်းဖြစ်သည်။ ကျောရိုး တစ်လျှောက် စိမ့်သွားသော ကြောက်စိတ်နှင့်အတူ အနောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိ လေသည်။ ဟုတ်ပါသည် . . .။ လူတစ်ယောက် . . . အရပ်ခပ်မြင့်မြင့် ခန္ဓာကိုယ်ခပ်ကျစ်ကျစ်နှင့် လူတစ်ယောက်။ hood ပါသော ဂျာကင်အမည်းရောင်နှင့် ဂျင်း(န်)ပန်ဝတ်ထားသော လူတစ်ယောက်။ hood ဆောင်းထားသောကြောင့် မျက်နှာကို သေချာမမြင်ရ။ ဘုရားရေ . . . ဒီနားမှာ ဒီလောက်လူ ပြတ်နေတာ သူ ကိုယ့်ကို တစ်စုံတစ်ခု မကောင်းကြံသွားလျှင် ဘယ်သူမှတောင် သိလိုက်မှာ မဟုတ်။ ပိုက်ဆံအိတ်များ ဆွဲလုသွားမလား။ လူကိုများ ဒုက္ခပေးသွားမလား။ နေစမ်းပါဦး . . .။ သူက ဘာဖြစ်လို့ စိမ့်နောက်ကနေ ကပ်လျက်လိုက်ပါလာခဲ့ရတာ လဲ။ တစ်ခုခုဆိုလျှင် စိမ့် အသံကုန် ဟစ်ပြီး အသားကုန်ထွက်ပြေးရမလား။ သူ့ကို ပြန်တိုက်ခိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမှာလား။ အိတ်ထဲ မှာလည်း ပြန်လည်ခုခံစရာ ဘာလက်နက်မှမပါချေ။ နောက်ဆိုရင်တော့ တစ်ခုခုတော့ ဆောင်ထားမှ ပါ။

ခြေလှမ်းတွေ ပိုသွက်လိုက်လျှင် အနောက်ကလူကလည်း ပိုသွက်လာသလို ခံစားရသည်။ စိုးရိမ်ကြောက်ရွံ့စိတ်သည် ကိုယ်ခန္ဓာအနှံ့အပြားကို အပ်ချွန်ချွန်ကလေးတွေနှင့် ထိုးနေသယောင် စူး စူးရှရှ။ ခြေကုန်သုတ်ပြေးရင်း တလှပ်လှပ် မောဟိုက်တုန်ရီလာသည်။ ကြောက်စိတ်နှင့် ဒူးတွေက ချည့်နဲ့လို့လာကာ တစ်ချက်ခြေချော်ပြီး ဘိုင်းခနဲ ပစ်လဲသွားချိန်မှာ ထိုသူက အနားသို့ကပ်လာကာ ဆွဲထူဖို့ပြင်သည်။

"မထိနဲ့ . . . ကျွန်မကို မထိနဲ့"

စိမ့်အသံပြာပြာနှင့် ကြောက်လန့်တကြားအော်ဟစ်ရင်း လူးလဲကျုံးရုန်းထကာ တဟုန်ထိုး ဆက်ပြေးလာခဲ့သည်။ ဟင် . . . ထိုသူကလည်း ပြေးလိုက်လာတာပါလား။ စိမ့် ရှိရှိသမျှ အားအင်တွေ စုစည်းကာ အစွမ်းကုန် ဆက်ပြေးမိသည်။ အကယ်၍ များ သူ စိမ့်ကို မိသွားခဲ့လျှင် စိမ့် ဘာလုပ်ရမလဲ ဆိုတာကို ခေါင်းထဲမှာ တွေးထား၏ ။ ခြေထောက်နှင့် တစ်နေရာကို တအားကန်ပစ်လိုက်မည်။ ဖမ်းချုပ်လာမည့် လက်တွေကို အသားတွေပဲ့ထွက်သွားတဲ့အထိ ကိုက်ဆွဲပစ်မည်။ ပြေးရလွန်းသဖြင့် စိမ့်ရင်ဘတ်ထဲက နှလုံးသား တစ်စုံလုံး ပြုတ်ထွက်ကာ အပြင်သို့ လွင့်ထွက်တော့မတတ်။

နောက်ဆုံးတော့ စိမ့်တို့တိုက်ခန်းတွေရှေ့ရောက်လာတော့မှ ကြောက်စိတ်ကလေး အနည်းငယ် သက်သာပြယ်လွင့်ရသည်။ ဒါတောင် စိတ်မချရသေး။ စိမ့်က ရှစ်လွှာတိုက်ခန်းတွေရဲ့ အမြင့်ဆုံးအထပ်မှာနေတာလေ။ လှေကားထစ်တွေမှာ လူပြတ်သည်။ ထိုသူက နောက်ကနေ ပါလာ နေဆဲပါလား။ ကြည့်စမ်း . . . သူ စိမ့်ဆီက ဘာလိုချင်တာပါလိမ့်။ လှေကားတွေကို ဒရောသောပါးပြေး တက်မိသည်။ ခြေထောက်တွေပင် မခိုင်ချင်တော့။ အနောက်ကနေ လိုက်တက်လာသော ခြေသံက စိမ့်ကို အကြီးအကျယ် ချောက်လှန့်နှောင့်ယှက်နေဆဲ။ အပေါ်ဆုံးအလွှာကို ရောက်ဖို့ အသက်ထွက် မတတ်

မောပန်းလှပြီ။ မျက်လုံးတွေပင် ပြာဝေလာခဲ့ပြီ။ သို့သော် စိမ့် စိတ်တွေကို မလျှော့စတမ်း တင်းထားသည်။ ဒူးထောက်လို့မဖြစ်။ အညွှံ့ခံလို့မဖြစ်။ အရှုံးပေးလို့မဖြစ်။ သူကလည်း တောက် လျှောက်ပါလာနေဆဲ။ စိမ့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ယိမ်းခါနေပြီ။

ကိုယ့်အခန်းရှေ့ရောက်တော့ သော့ကို ကမန်းကတန်းထိုးဖွင့်ကာ ဝုန်းခနဲဝင်လိုက်ပြီး တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။ ထိုသူ အခန်းဝထိ ဘာလိုက်လုပ်တာပါလိမ့်။ စိတ်မချနိုင်ဘဲ ချောင်းပေါက် ကလေးထဲကနေတဆင့် ပြန်ချောင်းကြည့်လိုက်မိလျှင် အံ့ဩခြင်းတွေ တစ်ကိုယ်လုံး သီးသွားမတတ်။ ဟောတော် . . . ဖြစ်မှဖြစ်ရလေ။ သူက ဟိုဘက်တံခါးကို ဖွင့်လို့ဝင်သွားတာပါလား။ စိမ့်မှာဖြင့် ကြောက်လိုက်ရတာ ပြေးလိုက်ရတာ ၊ လူကို ရှူးမတတ် နှလုံးသားပွင့်ကွဲထွက်မတတ်။

“ဟဲ့ . . . စိမ့်၊ ဒီနေ့ ပြန်တာနောက်ကျလိုက်တာ၊ မိုးမိခဲ့ပြီပေါ့၊ ဘာဖြစ်လာတာလဲ၊ ပြေးလာတာ လား . . . ဟုတ်လား၊ တစ်ကိုယ်လုံးလည်း မောဟိုက်တုန်ရီလို့”

အခန်းဖော်သူငယ်ချင်း ကေသရီနွယ်ကလည်း ပြန်ရောက်တာမကြာသေးပုံဖြင့် ရေစိုဆံပင် တွေကို သုတ်ရင်းထွက်လာသည်။ ကေသရီနှင့်က ဆယ်တန်းအတူဖြေစဉ်ကတည်းက စာအတူကျက် ရင်း ညီအစ်မသဖွယ် ရင်းနှီးချစ်ခင်သွားရသော သူငယ်ချင်းဖြစ်သည်။ အဝေးသင်ဖြင့် ဘွဲ့ယူတော့လည်း အတူတူ အဆက်အသွယ်မပျက်ခဲ့။ စိတ်ချင်း ရင်းနှီးပေါင်းသင်း လို့ရသလို ရင်ဘတ်ချင်းလည်း ကာလာတူသူမို့ ပေါင်းလို့ကောင်းသူ တစ်ယောက်ဖြစ်သည်။ စိမ့်မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးပါးသွားခဲ့ချိန်မှာ အရင်နေသော အိမ်ကို ဆက်မငှားနိုင်တော့တာမို့ ဝိတ်လျှော့သည့် အနေနှင့် ဈေးသက်သာမည့် တိုက်ခန်းရှာတော့ ကေကလည်း စိမ့်နဲ့အတူနှစ်ယောက်ပေါင်း စပ်တူနေဖို့ ပြောခဲ့ သည်။ ကေကလည်း မိဘမဲ့

တစ်ကောင်ကြွက်ကလေးမို့ အဒေါ်အိမ်မှာ ငြိုငြိုငြင်ငြင် နေရတာ ဖြစ် သည်။ အခုတော့ နှစ်ယောက်သား တတ်နိုင်မည့် အခန်းကလေးကိုငှားကာ အိမ့်က ( ) Shopping Mall က ဖက်ရှင်ဆိုင်တစ်ခုမှာ အလုပ်ရသလို ကေကလည်း Beauty Spa တစ်ခုမှာ အလုပ်ဝင်နေ သည်မို့ နေစရိတ်၊ စားစရိတ် မျှတကာ သူငယ်ချင်းနှစ်ယောက် အတူနေခွင့်လည်း ရခဲ့သည်။

“မပြောချင်ပါဘူး ကေရယ်၊ ဘတ်(စ်)စတော့(ပ်)က အပြန်လူတစ်ယောက် နောက်ကနေ လိုက်လာလို့ ကြောက်လိုက်တာ အသည်းထဲအူထဲကနေ စိမ့်နေအောင်ပဲ၊ ပြေးတာမှ ဘယ်တုန်း ကမှ အဲဒီ လောက် သည်းထိတ်ရင်ဖို မပြေးခဲ့ဖူးဘူး၊ အရေးထဲ ခြေချော်ပြီး ဘိုင်းခနဲ ပစ်လဲသေးတာ တော်ရေ၊ အဲဒါကို သူက ဆွဲထူဖို့ ကပ်လာသေးတာ၊ ငါတော့ ငယ်သံပါအောင်ကို ကြိုးအော်ပစ် လိုက် တာပဲ၊ ပြီးတော့ ကြိုးထပြီး ဆက်ပြေးခဲ့တာ တောက်လျှောက်၊ သူကလည်း နောက်ကနေ တောက်လျှောက်ကပ်ပါတာ ဟယ် လေ့ကားထစ်တလျှောက် မိန်းမရယ် နင်ပဲစဉ်းစားကြည့်လိုက် စမ်း၊ ငါ့ရဲ့အဖြစ်ကို”

“အမေလေး . . . ကြောက်စရာကြီးတော့၊ အခု သူ ဘယ်ရောက်သွားပြီလဲ၊ တံခါးဝမှာရှိနေ သေးလား၊ ရဲကို ဖုန်းဆက်လိုက်ရမလား”

“နင်က ဖုန်းဆက်ရမလားလုပ်နေ၊ ငါ့မှာဖြင့် အော်ပဲ ရယ်ရမလား၊ ငိုရမလား မသိဘူး၊ အဲဒီ လူ က ဟိုဘက်ခန်း တံခါးကို ဖွင့်ပြီး ဝင်သွားလေရဲ့”

“ဟော့တော် . . . ဘုရားရေ၊ သူက ဟိုဘက်ခန်းကပေါ့၊ ဟိုဘက်ခန်းကို လူပြောင်းလာပြီလား၊ ငါတို့လည်း မသိလိုက်ပါလားဟင် တိတ်တဆိတ်နိုင်လိုက်တာ”

“ဒီနေ့ ငါတို့ အလုပ်သွားတုန်း ပြောင်းလာတာဖြစ်မှာပေ့ါ ကေရဲ့၊ ချမ်းလိုက်တာဟယ်၊ ကော်ဖီ ပူပူလေး သောက်ရအောင် ကေရယ်၊ ဗိုက်ဆာလိုက်တာ နင် စားပြီးပြီလား ငါ့သမီးလေး ရော ဘာကျွေး ထားလဲ၊ သမီးလေး စနိုးရေ”

စိမ့်က အခန်းထဲဝင် အင်္ကျီအစိုတွေ ခပ်သွက်သွက်လဲပြီးမှ အချစ်တော်ကြောင်မလေး စနိုးကို ပွေ့ချီကာ ရင်မှာအပ်ထားလိုက်တော့မှ နွေးထွေးက နေသာထိုင်သာ ရှိသွားရသည်။ မီးဖိုချောင်ထဲမှာ ကေက ကော်ဖီဖျော်ပြီး အပြင် ကနေ ဝယ်လာသော ကြေးအိုးပူပူတွေကို ခွက်တွေထဲထည့်နေသည်။

"ဟယ် . . . ကြေးအိုးတော့်၊ မိကေ လိမ္မာလိုက်တာ စားရချည်သေးရဲ့၊ ချမ်းပြီးတုန်နေတာ အေ၊ တကယ်ပဲ ကြောက်စိတ်က ခုထိမပြေချင်သေးဘူးရယ်"

"ဒီနေ့ မိုးတွေ သည်းသည်းမည်းမည်းရွာနေကတည်းက ကြေးအိုးပူပူလေး လွေးချင်တာနဲ့ အပြန်ဝင်ဝယ်လာတာ စိမ့်ရဲ့၊ သောက်ကြစို့ . . . ပြီးရင် စောင်ခြုံလေးထဲ ဂွတ္ထုလေးနဲ့ကွေးတော့မယ်၊ မနက်ဖြန် ငါတို့နှစ်ယောက်စလုံး နားရက်မှာလား၊ နေဖင်ထိုးတဲ့အထိ အိပ်စို့"

"အကောင်းဆုံး အစီအစဉ်"

စိမ့်က စနိုးလေးကို ရင်ခွင်ကနေခဏဖယ်ကာ စားပွဲပေါ်မှာတင်ထားပြီး အသားလုံးလေး တွေ ဖယ်ကျွေးလျှင် ကေက ပြုံး၍ ကြည့်သည်။ စိမ့်က စနိုးလေးကို သမီးကလေး တစ်ယောက် သဖွယ် ချစ်မြတ်နိုး၊ ယုယလွန်းကာ အသည်းပို ဂရုစိုက်လွန်းတာကို ပြုံးခြင်းဖြစ်သည်။ စနိုးအတွက် အင်္ကျီလေး တွေ၊ ဂါဝန်လှလှလေးတွေ စိမ့်ဘာသာ လက်နှင့်ချုပ်ကာ ဝတ်ပေးရတာ အမော၊ စနိုးကလည်း ပွတ်သီး ပွတ်သပ် အချွဲသန်သူကလေး၊ တစ်ခါတစ်လေများ စိမ့်က စနိုးကို အရေးတယူ လူရာသွင်းပြီး စကား ပြောနေလျှင်များ လူမမြင်ရဘဲ အသံသာကြားနေရလျှင် အမေကသမီးကို ချစ်စနိုးစကားတွေ တဖွဖွ ပြောနေသလိုမျိုး၊ ကြောင်ကို ပြောနေတယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်။ အဲဒီ လောက် စိမ့်က စနိုးကို ချစ်မြတ်နိုး တွယ်တာပါသည်။ စနိုးအတွက် နွားနို့ အမြဲဝယ်တိုက်ကာ အိပ်ရာထဲထည့်ပြီး အတူအိပ်သူ ဖြစ်သည်။

ကြေးအိုးနှင့်ကော်ဖီသောက်ပြီးချိန်မှာ ဧည့်ခန်းမှာ TV လေးဘာလေး

ထိုင်ကြည့်ရင်းက ကေက ထုံးစံအတိုင်း အင်တာနက်ဝင်ကာ facebook ကလေးတော့ ဝင်ကြည့်လိုက်သေးသည်။ Mobile ကလေးတွေ ဝယ်သုံးရအဆင်ပြေလာတော့ စိမ့်တို့လည်း ခေတ်မီအောင် mobile ကလေးတွေ ကိုင်ကြ ကာ internet လည်းသုံးဖြစ်ကြလေသည်။ စိမ့်အတွက်တော့ ဒီညအဖို့ ခြေကုန်လက်ပန်းကျ မောပန်း ခဲ့ပြီမို့ အိပ်ရာထဲ စောစောဝင်ခဲ့သည်။ စနိုးကို ရင်ခွင်ထဲ ပွေ့ဖက်ထားရင်း ချက်ချင်းပင် အိပ်မောကျလို့ သွားခဲ့၏ ။ အိပ်မက်တွေ မက်နေခဲ့သည်။ hood ဆောင်းထားသော ဂျာကင်အမည်းနှင့်ထိုသူက အိပ်မက် ထဲအထိပင် စိမ့်ကို ခြောက်လှန့်နှောင့်ယှက် နေဆဲ။ အိပ်မက်ထဲမှာပင် စိမ့် မောကြီးပန်းကြီး ပြေးလွှား နေရတုန်း။ သူကလည်း အနောက်ကနေ ထပ်ချပ်မခွာ လိုက်ပါနေတုန်း။ စိမ့် မောပန်းလှပြီ။ ကြောက် စိတ်ဖြင့် အသည်းခိုက်အောင် တုန်ရီနေခဲ့သည်။

***

အခန်းတံခါးဆီမှ ဘဲလ်သံကြောင့် စိမ့်တို့နှစ်ယောက်စလုံး ပြိုင်တူလိုလို လန့်နိုးလာကြကာ တစ်ယောက်မျက်နှာတစ်ယောက် ခိုးကြည့်မိကြသည်။ တံခါးထ ဖွင့်ပေးဖို့ကို ပျင်းရိတွယ်ကပ်ကြ သောအကြည့်နှစ်စုံ။

“နင်သွားဖွင့်လိုက်ဟာ . . . စိမ့်လေးက လိမ္မာသားနဲ့ ငါ ဒီမှာ ထလို့မရဘူး၊ ကုတင်နဲ့ကိုယ်နဲ့ ခွာလို့မရအောင် ကပ်နေတယ်”

ကေက လူလည်ကျသံဖြင့်ပြောပြီး ပုစွန်ထုပ်ကွေးလို ကွေးနေအောင် ပြန်အိပ်လေသည်။ သူ ဘယ်လိုမှ ထမှာ မဟုတ်မှန်း သေချာသောကြောင့် စိမ့်ကပဲ ကျုံးရုန်း ထလိုက်ရသည်။ အိပ်ချင်စိတ်က မပြေချင်သေး။ ခေါင်းစုတ်ဖွားဖြင့် တံခါးကို သွားဖွင့်ပေးလိုက်တော့ အခန်းဝမှာ ရပ်နေသူတစ်ယောက် ကြောင့် ရုတ်တရက် နှလုံးခုန်ရပ်မတတ် လန့်ဖျပ်သွားရသည်။ ဘုရားရေ . . . မနေ့ညက လူ။

အိပ်မက်ထဲက လူ . . .။ တစ်ခုပဲ ထူးခြားတာက မနေ့ကအထိ မျက်နှာကို သေချာမမြင်ခဲ့ရဘဲ ခုတော့ ရှင်းလင်းပြတ်သားသော မျက်နှာတစ်ခုကို မြင်ခွင့်ရပြီ။ မျက်ဝန်းတွေက ညိုရီရီလဲ့လဲ့ နှင့် ညို့ရိပ်သမ်း သောမျက်ဝန်းတွေ။ အသားအရေက ညိုစိုစို။ မေးရိုးများက ပြေပြစ်ကာ လူညိုချောတစ်ယောက်ဖြစ် သည်။ စွပ်ကျယ်အနက်ဝတ်ထားသောကြောင့် ဖွံ့ထွားကျစ်လျစ်သော ခန္ဓာကိုယ်က ယောကျ်ားတွေ ထဲမှာ ကြည့်ကောင်းသော လေ့ကျင့်ခန်းလုပ်ထားသော ဘော်ဒီမျိုး။

“ကျွန်တော် ဟိုဘက်ခန်းကပါ။ မနေ့က တော်တော် လန့်သွားခဲ့တယ်ထင်တယ်နော်၊ ဆောရီး ဗျာ . . . ကျွန်တော် ပြောပြခဲ့ဖို့ကောင်းတာ၊ ခင်ဗျားကိုလည်း ဒီအခန်းကမှန်း နောက်ဆုံးကျမှ သိခွင့် ရတာ လေ၊ ခင်ဗျားက စွတ်ပြေးနေတော့ ကျွန်တော်လည်း ဘာပြောရမှန်းမသိဘူး”

သူက မနေ့ကအဖြစ်ကို ရည်ရွယ်ပြီး စပြောတော့ စိမ့် ရှက်ကိုးရှက်ကန်း ပြုံးမိသည်။

“မသိဘူးလေ . . . အဲဒီ တုန်းက အရမ်းကြောက်နေတာပဲ သိတာကိုး၊ ရှင်က မနေ့ကမှ ပြောင်းလာတာလား”

“ဟုတ်တယ်၊ ကျွန်တော့်နာမည် “ဈာန်”၊ ခင်ဗျား ခုမှ အိပ်ရာက နိုးတာထင်တယ်၊ ကျွန်တော် တော့ မနက်စောစောက ထ ပြေးပြီး ပြန်လာတာ၊ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်က လူတွေအုံတိုးနေ တာနဲ့ ကောင်းမှာပဲဆိုပြီး ခင်ဗျားဖို့ပါ ဝယ်လာတာ၊ ဟောဒါက လက်ဖက်ရည်”

သူက လက်ထဲကအထုပ်တွေ လှမ်းပေးတော့ စိမ့်မှာ အားတုံ့အားနာဖြင့် ပျာပျာသလဲ ဖြစ်သွား ရသည်။

“အို . . . အများကြီးပါလား၊ အားနာစရာရှင်၊ ရှင်လည်း မစားရသေးဘူးမှလား၊ ကျွန်မတို့နဲ့ တစ်ခါတည်း လာစားပါလား၊ ကျွန်မ အခန်းဖော်သူငယ်ချင်းကို နှိုးလိုက်ဦးမယ်”

"ဒါဆို အကောင်းဆုံးပေါ့၊ ကျွန်တော် ဝင်ခဲ့မယ်နော်"

"ဟုတ် . . . ဧည့်ခန်းမှာ ခဏလေးထိုင်ပါဦး ကျွန်မ မျက်နှာသစ် သွားတိုက်လိုက်ဦးမယ်"

"ရတယ် . . . အေးဆေးသာလုပ်ပါ"

စိမ့်သည် အိမ်နီးချင်းအဖော်ဆိုတော့လည်း ခုကတည်းက ခင်မင်ရင်းနှီးလိုက်ဖို့ စိတ်ကူးမိ သည်။ ယောကျ်ားလေး အဖော်ဆိုတော့ မိန်းကလေးနှစ်ယောက်တည်းနေသော စိမ့်တို့အဖို့ အားကိုး ဖော်လည်းရသလို သူငယ်ချင်းအသစ်လည်း တိုးသည်ပေါ့လေ။ အခန်းထဲ ကပျာကယာ ဝင်၊ အိပ်ပုပ်ကြီးနေသော ကေ့ကို ဖွတ်နှိုး . . . မျက်နှာသစ် သွားတိုက်ကာ နံနက်ခင်းစာစားဖို့ ပြင်ဆင်ရ လေသည်။ ကေကလည်း အသွက်စားမို့ သုံးယောက်သား စားပွဲဝိုင်းကလေးမှာ မုန့်ဟင်းခါးနှင့် လက်ဖက်ရည်ပူပူကို လွေးရင်း မိတ်ဆက်စကားဆိုရင်း ချက်ချင်းအဖွဲ့ကျ ရင်းနှီးသွားခဲ့လေသည်။

"ကျွန်မက ကေသရီနွယ် "Face It" beauty sap မှာ လုပ်တယ်။ ကိုဈာန် ဆံပင်ညှပ်ချင်ရင်၊ ဆေးဆိုးချင်ရင် ခေါင်းလျှော်ချင်ရင် လာခဲ့ discount ပေးမယ် သိလား၊ သူက စိမ့်စမ်းစို၊ Dagon Shopping Mall က (USA) ဖက်ရှင်ဆိုင်မှာ လုပ်တယ်၊ သူ့ဆီမှာလည်း သွားဝယ်လို့ရတယ်။ ဒီဇိုင်းတွေ က လန်းသလားမမေးနဲ့၊ လန်ထွက်နေတာ၊ ဈေးတွေကလည်း မြောက်လိုက်တာမှ ခေါင်ခိုက်နေတာပဲ၊ ကိုဈာန်က ဘာလုပ်တာလဲ ပြောပြဦးလေ"

"ဈာန်လို့ပဲခေါ်ပါဗျာ" "ကို"တပ်မနေပါနဲ့၊ စိမ်းပါတယ်။ ကျွန်တော်က electrical engineer ပါ၊ ကုမ္ပဏီတစ်ခုမှာ လုပ်ပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီက CCTV ကင်မရာတို့ တခြားလုံခြုံရေး ဆိုင်ရာ စက်ကိရိယာပစ္စည်းတွေ လိုက်ဆင်ပေးရတယ်၊ Shopping Mall တွေ ကုမ္ပဏီတွေ၊ ရုံးတွေ၊ ဟိုတယ်လ်တွေမှာ လိုက်ဆင်ပေးရတာ ပါ၊ စိမ့်တို့ကေတို့ CCTV တပ်ချင်ရင်လည်းပြော၊ ကျွန်တော်

တပ်ပေးမယ် . . . ဟား ဟား”

သူက တရင်းတနှီးပြောကာ ရယ်မောလေသည်။ ဟန်တစ်ခွဲသားမရှိတာမို့ ခင်မင်စရာတော့ ကောင်းသား။

“CCTV တော့ မတပ်နိုင်ဘူးရှင်၊ အိမ်မှာ ပျက်နေသမျှ လျှပ်စစ်ပစ္စည်းတွေတော့ ဈာန် ပြင်ပေးဖို့ သာပြင်ထား၊ မဆိုးဘူးဟဲ့ . . . အင်ဂျင်နီယာတစ်ယောက် အိမ်ဘေးမှာ ရှိတာ အားကိုးလို့ရတာ ပေါ့၊ မီးက လာလိုက်ပျက်လိုက်ဆိုတော့ ပစ္စည်းတွေပျက်လိုက်တာ မနည်းဘူး။ ဒီကြားထဲ ဖြူ့(စ်)က မကြာ ခဏပျက်သေး”

“မပူနဲ့ . . . ကျွန်တော့်တာဝန်သာထား၊ စိမ့်တို့က ကျွန်တော့်ကို ထမင်းဟင်းပဲ မှန်မှန်ချက် ကျွေး”

“အမလေးတော် . . . လာ လာချည်သေး၊ ကျွန်မတို့တောင် ဖြစ်သလို ချက်စားနေရတာ ပါ တော်၊ ထမင်းတစ်အိုးတည်ထားပြီး အပြင်ကနေ ကြက်ကင်ကလေးဝယ်လာလိုက်၊ အသုပ်ကလေး ဝယ်လာလိုက်နဲ့ စားသောက်နေရတာ ၊ ရှင်ကတောင် ကျွန်မတို့ကို သနားပြီး အပြင်က နေပြန်လာ တိုင်း ဟင်းတစ်မျိုးမျိုးတော့ပါအောင် ဆွဲလာရဦးမှာ”

“ဟာကွာ . . . သေပြီဆရာ”

သူက နဖူးကိုဖျတ်ခနဲရိုက်ပြီး ရှုံ့မဲ့ကာ ညည်းဟန်ကိုကြည့်ပြီး သုံးယောက်သား ပေ့ါပေ့ါပါးပါး ရယ်မောလိုက်မိကြသည်။

“ကဲ . . . ကျွန်တော် ရုံးလစ်လိုက်ဦးမယ်၊ ရုံးကပြန်ရင် ဟင်းတွေဝယ်ခဲ့မယ်ကွာ၊ ထမင်းတော့ ချက်ထားနော်”

“ဟေ . . . တကယ်လား မိုက်ပ့ါချက်ကြီးရယ်၊ ဟီး ဟီး ဒါမျိုးကတော့ လာပြီးစိန်မခေါ်နဲ့၊ ပန်းကန်လေးတွေပါ အဆင့်သင့်ပြင်ပြီး စောင့်နေလိုက်မယ် . . .

စိတ်ချ”

“အိုကေ . . . ဆီးယူ”

သူနှုတ်ဆက်ပြီး ပြန်သွားတော့ စိမ့်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကာ ပခုံးကလေး ကိုယ်စီတွန့်လိုက်မိကြသည်။

“မဆိုးပါဘူးဟဲ့ . . . ခင်စရာတော့ကောင်းသား”

“ဒါပေ့ါဟဲ့၊ နင်ကတော့ အစားနဲ့သာမျှားရင် အငမ်းမရ ပါမယ့် ဟာမလေး၊ ယောကျ်ားတစ် ယောက် ဝယ်ဝယ်လာသမျှကို ထိုင်စားနေရတာ တော့ မနိုပ်ဘူးထင်ပါတယ်ဟာ၊ ငါတို့လည်း တစ်လှည့် ပြန်ကျွေးမှကောင်းမှာပေ့ါ”

“သူ့ကြည့်ရတာ ထောပုံရတယ်ဟ၊ အင်ဂျင်နီယာဆိုတော့ ငါတို့ထက်ပိုပြီး လခကောင်း တယ်လေ။ ဘာဖြစ်လဲဟာ၊ နောက်တော့လည်း သူငယ်ချင်းတွေဖြစ်သွားရင် အားနာဖို့မလိုတော့ ပါဘူး၊ သူလည်း တစ်ကိုယ်ရေသမားပဲဥစ္စာ”

“ကဲ . . . စကားတွေ ဖောင်မနေနဲ့ မိကေ၊ ထုံးစံအတိုင်း အားရက်ကလေးရတုန်း အိမ်သန့်ရှင်း ရေးတွေ၊ လျှော်စရာတွေ၊ မီးပူတိုက်စရာတွေ လုပ်လိုက်ဦးစို့”

တစ်ပတ်မှာ တစ်ရက်သာရသော ရှားရှားပါးပါး အားလပ်ရက်ကလေးတွေဟာ ဘယ်လိုပင်ကုန် ဆုံးသွားမှန်း မသိလိုက်အောင်ကို မြန်ဆန်လွန်းလှပါရဲ့။ တစ်နေကုန် စကားတွေဖောင်ဖွဲ့ရင်း အလုပ်တွေလုပ်လိုက်ကြတာ ညနေစောင်းကျမှ ရေမိုးချိုးကာ ထမင်းအိုးတည်ထားလိုက်သည်။ သူ ဟင်းတွေဝယ်လာမယ်ဆိုတော့ မသိမသာလေး မျှော်နေမိ တာတော့ အမှန်။

ဟော . . . ခြေသံကြားရပါပြီ။ ခဏနေတော့ ဘဲလ်တီးသံ

ထွက်ပေါ်လာသဖြင့် ကေကအပြေး အလွှား သွားဖွင့်ပေးဟန်က မုန့်ဝယ်ပြီး ပြန်လာသောဖခင်ကို သွားကြိုသော သမီးကလေးအတိုင်း။ အိမ်နေရင်းမို့ နှစ်ယောက်သား ဒူးဖုံးရုံဂါဝန်ကလေးတွေ ကိုယ်စီနှင့် လွတ်လွတ်လပ်လပ်။

"ဟော . . . ကျွန်တော့်ကို စောင့်နေကြတာလား၊ ဗိုက်ဆာနေကြပြီလားဟင် . . ."

"အဟဲ . . . ဆာတော့ဆာပြီပေ့ါ၊ နည်းနည်းပါ၊ ဘာတွေဝယ်လာတာလဲဟင်၊ များလိုက်တာ"

သူ့လက်ထဲမှာ ဖော့ဘူးတွေနှင့်ထည့်ထားသော အထုပ်တစ်ထုပ်နှင့် ဝိုင်တစ်ပုလင်း . . .

"ကျွန်တော် ရေမြန်မြန်ချိုးပြီး လာခဲ့မယ်၊ ပြင်ထားလိုက်နော်"

ဟု . . . ပြောပြီး၊ သူက အထုပ်တွေ ကေ့လက်ထဲပေးခဲ့ကာ သူ့အခန်းထဲဝင်သွားခဲ့သည်။

"ဟင် . . . ဝိုင်ကြီးသောက်ရမှာလား၊ တစ်ခါမှ မသောက်ဖူးတာကို"

"သူ့ကြည့်ရတာ ဗိုလ်ဆန်လိုက်တာနော် နည်းနည်းလည်း ရဲတင်းသလိုပဲနော် ကေ၊ တကယ်ဆို မနက်ကမှ ခင်မင်တဲ့ဟာကို၊ ဟိုးအရင်ကတည်းက ခင်မင်ပြီးသား သူတွေလို တရင်းတနှီးကြီး တော့်၊ ဝိုင်တွေဘာတွေ ယူလာလိုက်သေးတယ်"

"စိမ့်ရယ် . . . အတွေးမခေါင်ပါနဲ့၊ တချို့က ဒီလိုပဲ၊ အခင်ကြမ်းတယ်ခေါ်မလား၊ ချက်ချင်းကို ခင်မင်ပစ်လိုက်တာမျိုး၊ ဟယ် . . . ဘဲကင်ကတော့ မွှေးအီနေတာပဲ၊ ဒါက အခေါက်ကင် အသားကင် ဆရာ၊ ဟောခေါက်ဆွဲကြော်လည်း ပါလိုက်သေး၊ ရှေ့ဘဲကထင်တယ်ဟဲ့ . . . မွှေးနေတာပဲ"

ကေကတော့ ရိုးရိုးစင်းစင်းသာ တွေးလေ့ရှိတတ်သူမို့ စိမ့်လို

တွေဝေတွန့်ဆုတ်မနေပါ။ ဟင်းပွဲ တွေ ပြင်ဆင်ထားလိုက်ပြီး မကြာပါ၊ သူ ပြန်ရောက်လာသည်။ ရေမိုး ချိုးပြီးစ လတ်ဆတ်သန့်စင် နေတာ စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီတိုနှင့် . . .။

"ဆာလိုက်တာဗျာ၊ ကျွန်တော် blue ray အခွေတွေ ယူခဲ့တယ်၊ စိမ့်တို့ဆီမှာ စက်မရှိရင် ကျွန်တော့်စက်လာဆင်ပေးထားမယ်၊ ရုပ်ရှင်ကြည့်ရင် တစ်ယောက်တည်း ကြည့်ရတာ ပျင်းစရာကြီး ဗျ . . ."

"ဘာကားတွေလဲ ဈာန်၊ အသစ်တွေလား"

"အင်း . . . အသစ်တွေ ဟာသကားတွေပါတယ် Bridesmaids ကြည့်ပြီးပြီလား၊ ရေလည် မိုက်တယ်၊ ရယ်ရတယ်၊ Hunger Games လဲပါတယ်၊ အဲ့ကားလည်း အရမ်းမိုက်တယ်"

ရုပ်ရှင်တော့ စိမ့်ရော ကေပါ အသေအလဲကြိုက်သူတွေမို့ ငြင်းဆန်ဖို့တောင် သတိမရ။ ကိုယ့် အခန်းမှာ ယောကျာ်းလေးတစ်ယောက်ပါ၊ အတူလာထိုင်ပြီး ရုပ်ရှင်ကြည့်မည့်အရေးကို မတားမြစ် ချင်တော့။ သူယူလာသော blue ray တွေက အခွေအကောင်းတွေချည်း . . .။

"ဝိုင်တော့ ကျွန်မတို့ မသောက်ချင်ဘူး ဈာန်ပဲ ပြန်ယူသွားနော်"

"ဟာ . . . စပျစ်ဝိုင် အပျော့စားကလေးပါ စိမ့်ရဲ့၊ သောက်ပဲကြည့်ပါဦး အပြင်းစားကြီးမဟုတ်ပါ ဘူး"

သူက ဖန်ခွက်ထဲ ဇွတ်ထည့်ပေးလေသည်။ စားရင်းသောက်ရင်း အပြန်အလှန် စကားတွေ ပြောကြရင်း ပို၍ ရင်းနှီးလာခဲ့ပါသည်။ မနက်ဖြန် အလုပ်သွားရမှာမို့ စားသောက်ပြီး ခပ်စောစောပင် ရုပ်ရှင်တစ်ကား အတူထိုင်ကြည့်ကြသည်။ ကားက ရယ်စရာဟာသ Bridesmaids မို့ တဟားဟား လွတ်လပ်စွာ ရယ်မောမိကြသည်။ ညကိုးနာရီလောက်မှာ ရုပ်ရှင်ပြီးသွားတာမို့ သူလည်း နှုတ်ဆက်ပြီး ပြန်သွားခဲ့သည်။ စိမ့်တို့လည်း စောစောအိပ်ရာဝင်ကာ

ရုပ်ရှင်အကြောင်းရော သူ့အကြောင်းပါ စားမြုံ့ ပြန်မိကြသေးသည်။ အနှစ်ချုပ်လိုက်တော့ စိမ့်တို့ အိမ်နီးချင်း အဖော်ကောင်းတစ်ယောက် သူငယ်ချင်းကောင်းတစ်ယောက် ရခဲ့ပြီဆိုတာပဲဖြစ်လေသည်။

***

“ငြိမ်သက်ရိုးရှင်းလှသော

နှလုံးသားကလေး၏ ဝန်းကျင်တစ်ဝိုက်မှာ

မုန်တိုင်းတစ်စင်း

ချိန်ခါမဲ့ ဖြတ်တိုက်သွားခဲ့ပါသည်။”

***

# အခန်း (၂)

အလုပ်သွားဖို့ အခန်းတံခါးကို ဖွင့်လိုက်ချိန်မှာ တံခါးမှာ ချိတ်ဆွဲထားသော အဖြူရောင် သစ်ခွ ခက်ကလေးတစ်ခက်ကို မြင်လိုက်ရသည်မို့ စိမ့် မျက်မှောင်ကလေး ကျုံ့သွားမိသည်။ ဟိုဘက်ခန်းကို လှမ်းကြည့်လိုက်မိသည်။ သူများ လာချိတ်သွားသလား။ ဖြစ်ဖို့များသည်။ ဘာကြောင့်လည်းဆိုတော့ သူက မနက်အစောကြီး ထ ပြေးတတ်တဲ့သူ။ ပြေးရာကပြန်လာပြီးရင် ကောက်ညှင်းပေါင်းပူပူကလေး တွေ၊ ပဲပြုတ်ပူပူကလေးတွေ ပဲပလာတာ၊ လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ နန်းကြီးသုပ် စသဖြင့် မုန့်ထုပ် ကလေးတွေ ချိတ်ချိတ်ပေးသွားနေကျ။ စိမ့်တို့က နိုးတာနှင့် ဝုန်းဒိုင်းကြဲကာ အလုပ်သို့ တန်းပြေးရမြဲ။ သူ့လို အစောကြီးမှ မနိုးတတ်တာကိုး။ သူ့မုန့်ကလေးတွေကို ကပျာကယာ ပန်းကန်ထဲထည့်ကာ ကေနှင့် နှစ်ယောက်သား ဝေမျှစားလိုက်ကြစမြဲ။ ဒီနေ့ကျမှ ထူးထူးဆန်းဆန်း သစ်ခွပန်းခက်ကလေး။

စိမ့်က ထူးထူးထွေထွေ စဉ်းစားမနေတော့ဘဲ သစ်ခွခက်ကလေးကို ဘုရားစင်မှာ ကပ်လှူထား ခဲ့တာ ဘတ်(စ်)ကားမီအောင် ခပ်သွက်သွက် ပြေးခဲ့လေသည်။ တော်ပါသေးရဲ့ ဘတ်(စ်)ကားလည်း မီလို့။

စိမ့်က USA Fashion Shop ၏ အမျိုးသားအသုံးအဆောင်နှင့် အဝတ်အစားတွေ ကောင်တာမှာ တာဝန်ကျသူ။ USA ကနေ တိုက်ရိုက်တင်သွင်းသော ပစ္စည်းတွေမို့ ခေတ်လူငယ် ကောင်လေးတွေ တရုန်းရုန်းနှင့် အမြဲအလုပ်ရှုပ်သော ကောင်တာလည်းဖြစ်သည်။ Ralph Lauren, Levi"s, Zara စတဲ့ လူငယ်ကြိုက် brands ကလေးတွေများသည်မို့ အရောင်းလည်းသွက်သည်။ တီရှပ် . . . ဂျင်း(န်)ပဲန်က စလို့ ခါးပတ် . . . ဖိနပ် . . . ရေမွှေးက အစ၊ နားကပ် . . . ဆွဲကြိုး . . . လက်ကောက်ကြိုးကလေးတွေ စုံလင်သည်။

အဲဒီ နေ့ကတော့ စိမ့်ရဲ့ ငြိမ်သက်ရိုးရှင်းလှသော နှလုံးသားကလေး၏ ဝန်းကျင်တစ်ဝိုက်မှာ မုန်တိုင်းတစ်စင်း ချိန်ခါမဲ့ ဖြတ်တိုက်သွားခဲ့ပါသည်။ ကောင်လေးတစ်ယောက် ရုပ်ကလေးက သန့်ပြန့် ကြည်စင်ကာ ထိုင်ငေးကြည့်နေချင်စရာ ရုပ်ကလေး၊ သူက ရေမွှေးတစ်ပုလင်း Zara skinny jeans ဘောင်းဘီတစ်ထည်နှင့် Levis" Shoes တစ်ရံဝယ်သည်။ စိတ်တိုင်းကျ ဝတ်ကြည့်ရွေးချယ်ပြီးမှ ဝယ်ဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ သူဝယ်သမျှကို အိတ်ကလေးနှင့် သပ်သပ်ရပ်ရပ်ထည့်ပေးပြီး သူလည်း ငွေရှင်း ပြီး ထွက်သွားချိန်ကျမှ မှန်စားပွဲပေါ်မှာ သူ့ဖုန်းကလေးကျန်ရစ်ခဲ့မှန်း စိမ့် တွေ့လိုက်ရသည်။ I phone 4S ကလေးဖြစ်သည်။ ဖုန်းကို ကပျာကယာ ကောက်ယူကာ သူ့နောက်သို့ ခပ်သွက်သွက် ပြေးလိုက် ခဲ့ရသည်။

"ဟိတ် ဟိတ် . . . ရှုတ် ရှုတ် . . . နေဦးလေ"

သူက ချက်ချင်းမကြား။ စက်လှေကားနှင့် ဆက်တက်သွားတာမို့ စိမ့်လည်း လိုက်တက်ရ၏ ။ သူက လှည့်၍ ပင် မကြည့်။ ရှေ့သို့သာ ဆက်၍ သွားနေသည်။ နောက်ဆုံးတော့ သူ့ကိုမီပါသည်။

"ဒီမှာ ရှင့်ဖုန်းကျန်ရစ်ခဲ့လို့ လိုက်ပေးတာ၊ ခေါ်နေတာကို လှည့်လည်းမကြည့်ဘူး"

"ကျွန်တော့်ဖုန်းမှာ မဟုတ်တာ"

သူက လှမ်းပေးနေသောဖုန်းကို တစ်ချက်လှမ်းကြည့်ကာ ပြောလိုက်လျှင် စိမ့် တစ်ကိုယ်လုံး ထူပူ၍ သွားသည်။ ဘယ်လိုဖြစ်ရတာ ပါလိမ့်။ သူက စိမ့်ကို ရွှန်းမြမြပြုံးကြည့်ကာ သူ့ဘောင်းဘီအိတ် ထဲက Black Berry ဖုန်းကလေး ထုတ်ပြသည်။

"ဟောတော် . . . ဒါဖြင့် ဘယ်သူ့ဖုန်းလဲ၊ တခြားတစ်ယောက်ကျန်ခဲ့တာပေါ့၊ ဆောရီးပါရှင် . . . မောလိုက်တာ"

စိမ့်က ရှက်လည်းရှက်၊ စိတ်လည်းညစ်သွားကာ သူ့ကို ရှက်ကိုးရှက်ကန်း ပြုံးပြနှုတ်ဆက်ပြီး ကမန်းကတန်းပြန်ဆင်းလာခဲ့ရသည်။ ဆိုင်ထဲမှာ ဖုန်းပိုင်ရှင်အစစ်က ခုမှသတိရပြီး ပြန်လာမေးနေခြင်း ဖြစ်သည်။ သြော် . . . စိမ့်နှယ် ဖြစ်မှဖြစ်ရလေ။ ပိုင်ရှင်အစစ်က တစ်ယောက်။ စေတနာတွေပိုကာ လိုက်ပေးမိတာက တစ်ယောက်။ ကိုယ့်အဖြစ်ကို ရယ်ချင်မိစွာ တစ်ယောက်တည်းပြုံးမိသည်။ ဘာဖြစ်လို့ ဒီကောင်ကလေးကိုမှ မှတ်မှတ်ထင်ထင် ဖြစ်နေရတာ ပါလိမ့်။ တခြားကောင်လေးတွေ အများကြီးပဲ ဈေးဝယ်လာဖူးပါသည်။ စိမ့်အတွက် ရောင်းသူနှင့်ဝယ်သူ အဆင့်ထက်မပိုပါ။ ဘယ်လိုမှလည်း မခံစားရ။ ခဏနေ ဖျတ်ခနဲမေ့သွား တာပင်။ ဒီကောင်လေးကျမှ သူ့ရဲ့မျက်ဝန်းအကြည့်၊ ပြုံးလိုက် ပုံကလေး . . . စကားပြောဟန်ကလေးတွေက စွဲစွဲထင်ထင် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ဆိုင်ထဲ သို့ ခေတ်စတိုင်လ် အလန်းစား လူငယ်လေးတစ်ယောက် ဖျတ်ခနဲဝင်လာတိုင်း ထိုကောင်လေးများ ပြန်ဝင်လာသလား ဟု လှမ်းကြည့်ရတာ အမော။ ဖြစ်ခဲ့သော ဖြစ်ရပ်ကလေးက ဘာမှ ဆန်းကြယ်လွန်း လှတာ မဟုတ်။ ဒါပေမယ့် အဲဒီ တဒင်္ဂကလေးကို ပြန်တွေးလိုက်မိတိုင်း စိမ့်ရင်ထဲ ဘယ်လိုဖီလင် ကလေးမှန်း မသိ။ ပါးပြင်ကလေးနှစ်ဖက် ရှိန်းမြပူနွေးသွားမိလျှက် နှုတ်ခမ်းကလေးက အလို အလျှောက်ပြုံးမိရက်သား။ ဒီဖြစ်ရပ်ကလေးသည် စိမ့်နှလုံးသားကို ဗဟိုပြုကာ တိုက်ခတ်သွားခဲ့ သော မုန်းတိုင်းလှလှကလေး တစ်စင်းဖြစ်သည်။

***

ရေမိုးချိုး ခေါင်းလျှော်ပြီး ဆံပင်တွေကို တဘက်ကြီးနှင့် ပေါင်းထုပ်နေချိန်မှာ တံခါးခေါက် သံကြားရသည်။ ကေဆိုလျှင် သူ့သော့နှင့် သူ့ဘာသာသူ ဖွင့်ဝင်လာမှာ။ သော့တစ်ယောက်တစ် ချောင်းထားကာ

အရင်ရောက်နှင့်သူကို မနှောင့်ယှက်ချင်သောစေတနာဖြင့် တံခါးခေါက်လေ့မရှိ။ အိမ်နေရင်း ကြိုးတစ်ချောင်းဂါဝန်ကလေးဖြင့် တံခါးသွားဖွင့်ပေးလိုက်ရသည်။ တံခါးဝမှာ ရပ်နေသူက ဈာန်။ သူ့လက်ထဲမှာ အထုပ်အပိုးတွေ တစ်ပုံတစ်ပင်နှင့်။ စိမ့်ပုံစံကို သူက လက်ခနဲဖြာသွားသော မျက်ဝန်းများဖြင့် ခပ်စူးစူးနစ်နစ် တစ်ချက်ကြည့်လိုက်သဖြင့် စိမ့် ခန္ဓာကိုယ်ကလေး ကျုံ့ခနဲဖြစ်သွား မိသည်။ သူက မျက်ဝန်းလွှဲလိုက်ပြီး . . .

"ဩော် . . . စိမ့်တို့ကို ဟော့ပေ့ါလုပ်ကျွေးမလို့၊ City Mart ကနေ ဝင်ဝယ်လာတာ၊ ဒီနေ့တော့ ကျွန်တော့် အခန်းကို ဖိတ်ပါရစေ၊ ဝရန်တာမှာ ပြင်ထားလိုက်မယ်နော်၊ ကေ . . . မရောက်သေးဘူး လား"

"ဟုတ်တယ် ဈာန် . . . ကေ မရောက်သေးဘူး သူ ပြန်လာမှ လာခဲ့မယ်လေ နော်၊ ဈာန်ချည်းပဲ ခဏခဏဝယ်ကျွေးနေတာ အားနာဖို့ကောင်းကောင်းလာပြီ၊ ဒီတစ်ပတ် အားရက်ကျရင်တော့ ကျွန်မ တို့ လက်သုပ်စုံ ပြန်လုပ်ကျွေးမယ်၊ ကြာဇံဟင်းခါးလေးနဲ့"

"ဟား . . . သမိုက်(စ်)ပေ့ါ၊ ကျွန်တော် အရမ်းကြိုက်တာ၊ စိမ့် ဘယ်လိုလုပ်သိလဲ"

"အမ် . . . မသိပါဘူး၊ ဒီအတိုင်း စိတ်ထဲပေါ်လာတာကို ပြောလိုက်တာပါနော်"

"ဘာပဲဖြစ်ဖြစ်လေ၊ မိန်းကလေးတွေက အသုတ်စုံလုပ်တာပိုကောင်းတတ်တယ်၊ ကျွန်တော် စားတောင်စားချင်လာပြီ၊ တကယ်လုပ်ကျွေးနော် စိမ့်"

"ဩော် . . . စကားမစပ် မေးရဦးမယ်၊ မနက်က တံခါးမှာ သစ်ခွပန်းခက်ကလေး ချိတ်သွားတာ ဈာန့်လက်ရာမှလား၊ ကျွန်မ ဘုရားပန်းကပ်လိုက်တယ်နော်၊ ဈာန်လည်း ကုသိုလ်ရအောင်လေ"

“အင်း . . . ကျွန်တော်ပြေးရင်း ပန်းဆိုင်ကနေ ဝင်ဝယ်လိုက်တာ၊ အိုကေ . . . စိမ့်ခဏ နေတွေ့ မယ်နော်”

သူ လှည့်ထွက်သွားတော့ စိမ့်လည်း တံခါးပိတ်ကာ ဆံပင်ခြောက်အောင်မှုတ်ရင်း အဝတ် အစားပြန်လဲရသည်။ ခဏနေတော့ ကေ ပြန်ရောက်လာပါသည်။ ဟော့ပေါ့ဆိုတော့ ကေက ဟန်ပင် မဆောင်နိုင် ဝမ်းသာအားရ ရေမိုးချိုး အဝတ်အစားလဲကာ ဟိုဘက်ခန်း ဘက်ကူးခဲ့ကြ လေသည်။

သူ့အိမ်ခန်းကလေး၏ ဧည့်ခန်းတစ်ခုလုံး စိတ္တဇပန်းချီကားချပ်တွေနှင့် ပြည့်နေတာမို့ အံ့ဩရ သေး၏ ။

“ဟယ် . . . ဒါတွေက ရှာန် ဆွဲတာတွေလား၊ ကြောက်စရာကြီးတွေဟယ်”

“ဒီလိုပါပဲ၊ ကျွန်တော့်စိတ်ထဲ ပေါ်လာတာတွေ လျှောက်ဆွဲထားတာ၊ စိမ့်တို့ လာကြ၊ ဂရန်တာ မှာပြင်ထားတယ်”

ဂရန်တာမှာ စားပွဲဝိုင်းနှင့် ကုလားထိုင်ကလေးတွေ ခင်းထားပြီး ဟော့ပေါ့အိုးက ဂက်(စ်)မီးဖို ကလေးဖြင့် တည်ထားခြင်းဖြစ်သည်။ ဖယောင်းတိုင်မီး ခပ်ကြီးကြီးကလေး နှစ်တိုင်ကို ဖန်ခွက်ထဲ ထည့်ကာ ထွန်းထားပုံက အနုပညာဆန်ဆန်ကလေး။ အသားပြုတ်အိုးထဲမှာ ဟော့ပေါ့ ဟင်းရည် ထုတ်ဖောက်ထည့်ကာ အသားလုံး၊ ငါးလုံး၊ ပုဇွန်၊ ပြည်ကြီးငါး ဝက်အူမ၊ ဝက်လျှာ၊ ဂဏန်း၊ ပဲညွန့်ရွက်၊ ပဲကြာဇံ . . . စသဖြင့် စုံစုံလင်လင်။ ဟော့ပေါ့ စ သောက်ကြချိန်မှာ သူက ဂစ်တာတစ်လက်ဆွဲယူ လာသည်။

“ကဲ . . . ကျွန်တော် တစ်ပုဒ်ဆိုမယ် စိမ့်တို့ကြိုက်တဲ့ သီချင်းတောင်း၊ ပြီးရင် စိမ့်နဲ့ ကေလည်း ဆိုရမယ်”

သူက ဂစ်တာကြိုးညှိနေစဉ် စိမ့်က နားထောင်ချင်သော သီချင်းတစ်ပုဒ် ဖျတ်ခနဲ တောင်းလိုက် မိသည်။

"ပူစူးရဲ့ နင်စေရင် ဆိုပြပါ"

ထိုအခိုက်မှာ ဖျတ်ခနဲ မော့လှန်၍ ကြည့်လိုက်သော သူ့ရဲ့ အကြည့်တစ်ချက်ကို စိမ့် နားမလည်ပါ။

"ကျွန်တော် သိပ်ကြိုက်လို့ အမြဲ ညည်းမိတဲ့သီချင်းလေးကို ဆိုခိုင်းတဲ့ စိမ့်အတွက်"

ဟု သူကပြောပြီး ဂစ်တာကို ကျွမ်းကျင်ပိုင်နိုင်စွာ စတင်တီးခတ်ရင်း သီချင်းစ ဆိုပါသည်။ သူ သီဆိုဟန်က ယစ်ယစ်မူးမူးရှိလှသည်။ သူ့အသံက သြ၍ ချိုကာ သီဆိုဟန်က ပါးနပ်ချိုမြလွန်းလှ၏ ။

"နင်စေရင် x x x သွားဆိုထွက်သွားမှာပါ x x x ဘာမဆို နင်ခိုင်းတဲ့အတိုင်းလုပ်မှာပါ x x x သေဆိုရင်လည်း x x x ငါ သေဖို့အသင့်ပါ x x x အရာရာဟာ မင်းရဲ့ သဘော x x x အတိုင်းပါကွာ x x x နင်လိုရင် ဘဝတစ်ခုလုံး ပေးမှာပါ x x x နင် မလိုရင်တော့ x x x ငါဟာ အလိုက်တသိ ထွက်ခွာ x x x

x x x ကိုယ်တိုင်သိတဲ့ အသိတချို့တဝက်နဲ့ x x x မလုံလောက်တဲ့ ဘဝတစ်ခုကို x x x တည်ဆောက်ဖို့ x x x ကြိုးစားရင်း x x x ငါ့အချိန်တွေ တဖြည်းဖြည်းပဲ့ကြွေလာ x x x ဒဏ်ရာများနဲ့ ရင်းပြီး x x x ချစ်တဲ့အချစ်တွေ x x x အခြေအနေမတူတဲ့အခါ x x x မျှော်လင့်သော ဘဝတစ်ခုဟာ အစိတ်စိတ်ကွဲကြေကာ x x x"

စိမ့်မျက်လုံးကလေးမှိတ်ကာ နှုတ်ခမ်းကလေးလှုပ်ပြီး အသံမထွက်ဘဲ လိုက်ဆိုမိသည်။ ကေ ကတော့ အစားသမားပီပီ ဟော့ပေါ့တစ်လုံးဖြင့် အလုပ်တွေရှုပ်လို့။ စိမ့်က အာရုံထဲ ဘာရယ်မဟုတ် မနက်တုန်းက ကြုံဆုံခဲ့သော မုန်တိုင်းကလေးကို ပြန်မြင်ယောင်လာမိတော့ ရှက်ကိုးရှက်ကန်း ပြုံးမိ သေးသည်။ သူကတော့ သတိတောင်ရမည်မထင်။ စိမ့်မှာသာ စွဲစွဲလန်းလန်းတွေဖြစ်လို့။ မျက်လုံး မှိတ်ထားပြီး စိတ်ကူးကလေးယဉ်လိုက်မိတာကို ရှက်စနိုးဖြစ်သွားလျက်

ယောင်ယမ်းကာ မျက်လုံးတွေ ပြန်ဖွင့်လိုက်မိတော့ စိမ့်ကို စူးစူးနစ်နစ်စိုက်ကြည့်ရင်း သီချင်းကို ခံစားချက်အပြည့်အသိပ်ဖြင့် စျာန်ဝင်စားစွာဆိုနေသော မျက်ဝန်းတစ်စုံကို ရင်ဆိုင်လိုက်ရပါသည်။ စိမ့် ဦးခေါင်းဆီက ဆံပင်မွှေးကလေး တွေပင် ထောင်သွားသလို စိမ့်ခနဲ ဖြစ်သွားရ၏။ ယောကျ်ားတစ်ယောက်ရဲ့ မျက်ဝန်းအကြည့်တွေက စူးစူးရဲရဲရှိလှချည်လား။ အဲဒါ ဘယ်လို အကြည့်လဲ။ စိမ့်ရင်ထဲ တစ်မျိုးကြီးဖြစ်သွားကာ ကေ့ဆီ လှမ်းကြည့်မိတော့ ကေကဖြင့် သတိထားမိပုံတောင်မရ။ အိုးထဲက အသားလုံးတွေကို ရွေးဆယ်ထုတ်လို့နေသည်။ သူ သီချင်းဆိုလို့ ပြီးသွားချိန်မှာ စိမ့်ကို ပြုံးကြည့်ရင်း . . .

“ကဲ . . . စိမ့်အလှည့် စိမ့်ဆို”

ဟု တောင်းဆိုလေသည်။ စိမ့်ကလည်း မငြင်းပါခုတလော ရင်ထဲလာထိနေသော ရှင်ဖုန်း၏ “ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ”သီချင်းကလေးကို ရွေးချယ်လိုက်သည်။

“x x x သော်တာလမင်း x x x ငွေစင်ကြယ်တွေ တိုင်တည်ရင်း x x x အိမ်အပြန်လမ်း မင်းရှိရာ x x x မှန်းဆပြီး ပြန်လာမှာ x x x ကြင်နာသူ ရင်ခွင်မှာ x x x ခိုဝင်နားဖို့ ကြိုနေပါ x x x ရင်မှာ မေးချင်နေသော စကား x x x အရင်လို ကိုယ့်ကိုချစ်သေးလား x x x မင်းဆီမှာ ရှိသေးလား ချစ်သူရာ x x x ဦးထားတဲ့ အသည်းတစ်နေရာ x x x အမြဲတမ်းကိုယ်နေဖို့ရာ x x x ကြင်နာသူ မင်းဆီမှာ x x x ရှိသေးလား ချစ်သူရာ x x x မြဲတမ်းပဲ နားခိုဖို့ x x x စိုးရိမ်တယ် x x x ပျောက်ကွယ်မှာ x x x”

စိမ့် သီချင်းဆိုနေခိုက်တစ်ချိန်လုံး သူ့မျက်ဝန်းတွေက စိမ့်ဆီမှာသာ စူးစူးနစ်နစ် စိုက်ဝင်လို့၊ ဂစ်တာတီးရင်း အာရုံစိုက်မိစိုက်ရာ သီချင်းဆိုနေသူထံ စိုက်ဝင်နေတာလည်း ဖြစ်နိုင်သည်မို့ စိမ့် ကတော့ သူ့ကို မကြည့်မိအောင် မျက်ဝန်းအကြည့်ကို အစားပုပ်မ ကေ့ထံသို့သာ ပို့ထားမိလေသည်။ ကေ့ အလှည့်ကျတော့ ကေက မဆိုတတ်ဘူးဟု ဇွတ်ငြင်းသည်။

“တို့က အစားပဲ စားတတ်တာ၊ ခံစားချက်တွေ ဖီလင်တွေ မတတ်ဘူးတော်ရေ့”

ဟု ကိုယ်လွတ်ရုန်းလိုက်သေးသည်။ အိုးထဲမှာ အားလုံး ပြောင်သလောက်ရှိချိန်မှာ သူ့ကို နှုတ်ဆက်ပြီး စိမ့်တို့ အခန်းဘက်သို့ ပြန်ခဲ့ကြသည်။ စိမ့်ရင်ထဲ မရှင်းမလင်းကြီးမို့ အိပ်ရာဝင်ချိန်ကျမှ ကေ့ကို နှစ်ကိုယ်ကြား တိုင်ပင်မိ၏ ။

“ဟေး . . . နင် ဈာန်ကို ဘယ်လိုမြင်သလဲဟင်”

“အေး . . .သူလား၊ နင့်ကို ကြိုက်နေတယ်ထင်တယ် စိမ့်ရဲ့”

တဲ့ . . .။ ရှင်းရော၊ စိမ့်က ကေ့ကို မျက်စောင်းကလေးချီမိသည်။

“နင်က ဘာလို့ အဲဒီ လို အတပ်ပြောနိုင်ရတာ လဲကေရဲ့”

“သိဘူးလေ . . . သူက နင့်ကိုပဲ တစ်ချိန်လုံး စိုက်စိုက်ကြည့်နေတာကိုး၊ ပြီးတော့ မနက်မနက် စားစရာလေးတွေ ချိတ်ချိတ်သွားတာလဲ နင့်အတွက်ပဲ၊ ငါက အလိုက်ကန်းဆိုးမသိ ကပ်ကပ်စားနေမိ တာ အဟီး”

“ငါကတော့ သူ့ကို လုံးဝ ရင်မခုန်ဘူးဆရာ၊ ငါ တကယ်ကြိုက်မိတာ ဒီနေ့ . . .”

ဟိုကောင်လေးအကြောင်း စိမ့်က ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်ပြောပြမိလေသည်။ ကေက ဟောက်သံတောင် ပေးလို့။ စိတ်ဝင်စားလိုက်ပုံများ။ စိမ့်မှာဖြင့် ထိုခံစားချက်ကလေးကို တယုတယ တန်ဖိုးထားလိုက်ရ တာ . . .”

နောက်ရက်တွေမှာ ဆိုင်ကို သူများ မတော်တဆ ပြန်ရောက်လာမလားဟု မသိစိတ်ကလေး ကနေ တိတ်တိတ်ကလေး မျှော်မိပေမယ့် သူ့အရိပ်ကလေးတောင် ပြန်မတွေ့ရ။ အေးလေ ဘယ်သူက တစ်လအတွင်း နှစ်ခါပြန်လာပြီး ဈေးဝယ်နိုင်မှာမို့လို့လဲနော်။ စိမ့်ကိုက စွဲလန်းနေမိတာပါ။

ဘာမှလည်း မဆိုင် . . . မေ့သွားသင့်လျက်သားနှင့် မမေ့နိုင်တာကတော့ စိမ့်ဘဝမှာ မကြုံစဖူး အတွေ့အကြုံ အသစ်အဆန်းတစ်ခုဆိုပါစို့ . . .။

စိတ်ရဲ့ စွဲလန်းမှုကတော့ အံ့သြစရာတော့ ကောင်းလှပါရဲ့။ အဲဒီ နေ့က စိမ့်တို့ နားရက်မို့ လျှော်ပြီးသား အဝတ်တွေကို ဂရန်တာမှာ ထွက်လှမ်းနေခဲ့မိတာ။ လမ်းထဲကို ဝင်လာသော CELICA ပြိုင်ကားအနီရဲရဲ အမိုးပွင့်ကလေးပေါ်မှာ သူ့ကို အမှတ်မထင် ဖြုန်းခနဲ ပြန်တွေ့လိုက်ရခြင်းဖြစ်သည်။ ဘယ်လောက် ဂမ်းသာအံ့သြသွားမိသလဲလိုတာ စိမ့် ဘာသာပင် ပြန်မပြောတတ်။ ရင်ထဲကို တဝုန်းဝန်းနှင့် အရှိန်ပြင်းပြင်း လှိုင်းလုံးကြီးတွေ လာဆောင့်ခဲ့သလိုပင်။ ကိုယ့် မျက်လုံးတွေ ကိုပင် မယုံနိုင်ခဲ့။ ကိုယ့်နှလုံးသားကိုလည်း မယုံနိုင်ခဲ့။ လက်ထဲက လှမ်းလက်စ အဝတ်ကို ဖြုန်းခနဲ ပစ်ချခဲ့ ကာ ရှစ်လွှာအမြင့်လှေကားထစ်တွေကနေ ဝုန်းဒိုင်းကြဲ ပြေးလွှားဆင်းခဲ့မိတာ ကိုလည်း မယုံနိုင်ခဲ့။ ရင်တစ်ခုလုံး ပရမ်းပတာ လှုပ်ရှားဖြောင်းဆန် နေခဲ့တာကိုလည်း မယုံနိုင်ခဲ့။ အဲဒါ ဘာဖြစ်တာပါလိမ့်။ သူနှင့် ထပ်တွေ့ဖို့ အခွင့်အရေးသည် စိမ့်အတွက် အဲဒီ လောက်တောင်ပဲ အရေးကြီးနေခဲ့သလား။ သူ ပြန်ပျောက်ကွယ်သွားမှာကို အဲဒီ လောက်ပဲ စိုးရိမ်မိသလား။ အောက်ဆုံး ရောက်တော့ တဝုန်းဝုန်း ပြေးဆင်းလာခဲ့ရသဖြင့် ရင်တစ်ခုလုံး မုန်တိုင်းထန်သလို လှိုက်ဖိုမောပန်းလျက်။ သူ့ ကားကလေးက လမ်းထဲကို ဝင်လာပြီးလို့ ပြန်ကွေ့ထွက်လို့ တောင်နေပြီ။ စိမ့်က အိမ်နေရင်း တီရှပ်ကလေးနှင့် ဘောင်းဘီတိုကလေးနှင့် ခြေထောက်ဗလာ . . .။ လမ်းမပေါ်မှာ ကလေးအချို့ ဆော့ကစားနေ သလို သရက်ပြားဆီးသီးတွေ ရောင်းသော နှောင်နှောင်တွန်းလှည်းသည်ကြီးရှိ သည်။ စိမ့် ဘာလုပ်ရမလဲ။ သူ့ကို နှုတ်ဆက်ရမှာလား။ သူက မှတ်မိပ့ါမလား။ ဒါမှမဟုတ် သရက်ပြားဆင်း ဝယ်ချင်ဟန်ဆောင်ရမှာလား။ လက်ထဲမှာလည်း ပိုက်ဆံမပါဘဲနဲ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် ဟန်တော့မဆောင်နိုင်ခဲ့။ ခါးလေး တစ်ဖက်ထောက်ကာ သူ့ကားကလေးနှင့် သူ့ကို သည်းသည်း မည်းမည်းစိုက်ကြည့်နေခဲ့လိုက်မိသည်။

နှုတ်တော့ မဆက်ရဲ။ မမှတ်မိရင်သေ မှာ။

သူ့ကားလေးက စိမ့်ဘေးကနေ ဖြတ်မောင်းသွားပြီ။ သူက စိမ့်ကို တစ်ချက်တော့ လှမ်းကြည့် သွားခဲ့သည်။ ဒါပဲလား . . . ဒီလောက် ရှစ်လွှာအမြင့်ကြီးဆီကနေ ခြေချော်ကျမတတ် ပြေးဆင်းလာခဲ့ ပြီးမှ ရလာဒ်ဟာ ဒါလေးပဲလား။ စိမ့် စိတ်ပျက်ဝမ်းနည်းသွားမိကာ သရက်ပြား တွေပဲဝယ်လိုက်မိသည်။

"စပ်စပ်ကလေးပေး ဦးလေ . . ."

"တစ်ထောင်ဖိုး . . . သမီး . . . ရော့"

သရက်ပြားထုပ်ကို လှမ်းယူပြီး ပိုက်ဆံမပေးဘဲ လှည့်ထွက်ဟန်ပြင်နေသော စိမ့်ကို နောင်နောင်သည်ကြီးက . . .

"ဝေ့ . . . ပိုက်ဆံမပေးရသေးဘူးလေ သမီးရဲ့"

ဟု . . . လှမ်းအော်သဖြင့် ရုက်ကိုးရုက်ကန်း ပြန်အလှည့် သရက်ပြားသည်ကြီးဆီသို့ လျှောက်လာနေသော သူ့ကို မထင်မှတ်ထားစွာ တွေ့လိုက်ရခြင်းဖြစ်သည်။ အိုး . . . ဒီတစ်ခါလည်း သေပြီဆရာ။

"ဦးလေး သရက်ပြား နှစ်ထောင်ဖိုးပေး အချိုလေးထုပ်ပါ၊ မချစ်စုရော စစ်ရဲ့လား"

သူက သရက်ပြားဝယ်ရင်း စိမ့်ကို လှမ်းကြည့်ပြီးပြုံးပြနေသည်။ အပြုံးကတော့ ရင်းနှီးပြီးသား လိုလို။

"မင်းက ဒီလမ်းထဲမှာ နေတာလား ကိုယ့်ကို မှတ်မိလား၊ မင်း USA ဆိုင်ကမှ လား"

"ဟုတ် . . . မှတ်မိတယ်၊ ဘယ်ကိုလာတာလဲဟင်"

"ဩော် . . . သူငယ်ချင်းကို ပြန်လိုက်ပို့ပေးတာ၊ သူ့အိမ်က

ဟိုးဘက်ထဲမှာ သရက်ပြား ဆင်းဝယ်တာလား”

“ဟုတ် . . .”

“သမီး . . . သရက်ပြားဖိုး မပေးရသေးဘူး”

အရေးထဲ ဦးလေးကြီးက ဝင်ပြီး အရှက်ခွဲနေပြန်သည်။

“ပေးမှာပေါ့ ဦးလေးကလဲ၊ ဘယ်လိုဖြစ်နေတာလဲ”

“ကျွန်တော်ပေးလိုက်ပါ့မယ်၊ ဘယ်အထပ်မှာနေတာလဲ”

“ဟိုး အပေါ်ဆုံးလွှာ၊ ပိုက်ဆံပြန်ပေးပါ့မယ်၊ ဆိုင်ကိုလာခဲ့ဦးလေ၊ ပစ္စည်းအသစ်တွေ ထပ်ရောက်တယ်၊ ဒီဇိုင်းအသစ်တွေ လန်းမှလန်း”

“ဟုတ်လား . . . လာခဲ့မယ်လေ၊ သွားပြီနော်”

သူက သရက်ပြားထုပ်ကို လှမ်းယူကာ ခပ်လှမ်းလှမ်းမှာ ရပ်ထားသော သူ့ကားဆီသို့ ပြန်လျှောက်သွားခဲ့ပြီ။ ဩော် . . . နာမည်လေးတောင် မမေးလိုက်ရ။ သူကလည်း မပေးခဲ့။ အောက်ကနေ ဟိုးအပေါ်ထပ်ဆီ တစ်ချက် ပြန်မော့ကြည့်လိုက်တော့ ဟိုဘက်ခန်း ဂရန်တာဆီကနေ စိမ့်ရှိရာဆီ ငုံ့ကြည့်နေခဲ့သော စျာန်ကို မြင်ရလေသည်။ သူက ဘာရပ်ကြည့်နေခဲ့တာပါလိမ့်။ သရက်ပြားထုပ်ကလေးကိုင်ကာ ပြန်တက်လာသော စိမ့်ကို သူက တံခါးဖွင့်ရင်း ရပ်စောင့်နေခဲ့သည်။

“သရက်ပြား ဆင်းဝယ်တာလား စိမ့်၊ ကျွန်တော့်ကို ပြောလိုက်ရောပေါ့၊ ကျွန်တော် ဆင်းဝယ်ပြီး ပေးမှာ ပေါ့၊ ပင်ပန်းလိုက်တာ စိမ့်ရယ်၊ စောစောက စိမ့်နဲ့ စကားပြောနေတာ ဘယ်သူလဲ”

“ဩော် . . . သူငယ်ချင်းပါ၊ ဘာဖြစ်လို့ မေးတာလဲ”

“စိမ့်လှေကားကနေ ဝုန်းဒိုင်းကြဲပြီး ပြေးဆင်းသွားသံကြားလိုက်လို့ . . . ဘာများဖြစ်သလဲလို့ ပါ”

စိမ့်က သရက်ပြားထုပ်ကလေးကိုသာ ထောင်ပြလိုက်ပြီး ကိုယ့်အခန်းထဲ ပြန်ဝင်လာခဲ့သည်။ ကေက တအံ့တသြ . . .။

"စိမ့်ရယ် . . . အလန့်တကြားနဲ့ ဘာများဖြစ်တာလဲလို့၊ သရက်ပြားဆင်းဝယ်တာကိုး"

"မဟုတ်ဘူးဟ့ . . . ငါ့ရဲ့မုန်တိုင်းကလေးကို တွေ့လိုက်ရလို့၊ ကြုံကြုံဖန်ဖန်ဟယ်၊ အံ့သြဖို့ ကောင်းလိုက်တာ၊ သူကလည်း ငါ့ကို မှတ်မိနေတယ်တော့"

"စိမ့်ရယ် . . . နင်က တကယ်ကြီးလား၊ နင် တစ်ခါမှ ကောင်းလေးတစ်ယောက်အကြောင်း ခုလောက် အရေးတယူလုပ်ပြီး အကဲမပိုခဲ့ဖူးပါဘူး"

"မသိပါဘူး ကေရာ၊ ခုတလော သူ့ကို သတိရနေတယ်၊ နောက်တစ်ကြိမ်လောက် ပြန်ဆုံချင် စိတ်ဖြစ်နေတုန်း သူက မိုးပေါ်ကနေကျလာသလို ပြုန်းခနဲပေါ်လာတာနဲ့ အရမ်းစိတ်လှုပ်ရှားသွား တာ . . . ဒါပါပဲ"

စိမ့်က သရက်ပြားကလေးတွေကို မက်မက်စက်စက်စားရင်း သူ ဝယ်ပေးခဲ့တာမို့လား မသိ . . . ခါတိုင်းထက် ပိုပြီး ချိုမြမွှေးကြွပ်နေသလိုပင်။

***

"လူတစ်ယောက်ကို ဘယ်လိုက စပြီး

ဘယ်လိုချစ်မိသွားတတ်သလဲ၊

လူတွေအများကြီးထဲမှာ မှ

တစ်စုံတစ်ယောက်သောသူကသာ

ကိုယ့်နှလုံးသားကို

လှုပ်ခါယစ်မူး တိမ်းညွတ်စေနိုင်စွမ်းရှိတာ

ဘာကြောင့်များလဲ”

***